2026 © Institute for Peace and Social Justice

Advanced Federalism Training

Comparative Federalism

Khin Maung Win
February 2026

1

Quiz- ဥဏ်စမ်း- ဥပဒေအရ၊ နိုင်ငံရေးအရ အမှားရှာကြည့်ကြရအောင်

- ရှေ့နေနဲ့ ဓါးမြဗိုလ် ဥဏ်ရည်ပြိုင်တဲ့ ပွဲ
- No one shall be elected President for more than two consecutive terms. (မည်သူတစ်ဦးမျှ သမ္မတအဖြစ် ဆက်တိုက် သက်တမ်းနှစ်ကြိမ် ထက်ပို၍ အရွေး ခံခြင်းမရှိစေရ)
- No one shall be elected President for more than two terms. (မည်သူ တစ်ဦးမျှ သမ္မတအဖြစ် သက်တမ်းနှစ်ကြိမ်ထက် ပို၍ အရွေးခံရခြင်းမရှိစေရ)
- "No person shall be elected to the office of the President more than twice,……" (မည်သည့်ပုဂ္ဂမျှ သမ္မတအဖြစ် နှစ်ကြိမ်ထက် ပို၍ အရွေးခံခွင့် မရှိ)

2

Confirmation: Why Federalism for Myanmar

3

မြန်မာ့ဖက်ဒရယ်စနစ်ကို ပုံဖော်ခြင်း၊ မေးခွန်း ၃ ခု

၁။ မြန်မာနိုင်ငံမှာ ဘာကြောင့် ဖက်ဒရယ် ဒီမိုကရေစီ ဖေါ်ဆောင် ဖို့လိုသလဲ?

ကိုလိုနီခေတ်ကစတဲ့ မြန်မာ့သမိုင်းနဲ့ နိုင်ငံရေး

၂။ ဖက်ဒရယ်စနစ် ဆိုတာ ဘာလဲ၊ မြန်မာနဲ့ ကိုက်ညီမဲ့ ဖက်ဒရယ်စနစ်က ဘာဖြစ်မလဲ?

ဖက်ဒရယ်သီအိုရီ၊ Comparative federalism

၃။ ဖက်ဒရယ်စနစ်ကို ဘယ် အချိန်မှာ ဘယ်သူတွေက ဘယ်လိုမျိုး ဖေါ်ဆောင် ပေးကြမှာလဲ?

Road Map: ကွဲပြားတဲ့ player တွေမှာ ကွဲပြားတဲ့ တွက်ချက်မှုနဲ့ ဦးစားပေးမှုတွေရှိကြတယ်

Khin Maung Win 2024

4

Quiz ပင်လုံစာချုပ်

- ပင်စာချုပ် ဘာကြောင့် ချုပ်ဆိုခဲ့ကြတာလဲ
- ပင်လုံစာချုပ်ကို ဘယ်တိုင်းရင်းသားတွေ လက်မှတ်ရေးထိုးသလဲ- ဘာကြောင့် အဲဒီလို ရေးထိုးရတာလဲ
- ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခြင်းအရှိတဲ့ တိုင်းရင်းသားတွေက ဘယ်သူတွေလဲ- ဘာကြောင့် အဲဒီလို မရေးထိုးတာလဲ
- ပင်လုံစာချုပ်မှာ အပိုဒ်အရေအတွက် ဘယ်နှခု ပါသလဲ
- ပင်လုံစာချုပ်ထဲမှာ ဖက်ရယ်စနစ်နဲ့ ပတ်သက်လို့ ဘယ်လိုမျိုး ပြဋ္ဌာန်းချက်တွေ ပါသလဲ

5

ကျူးကျော်စစ် သုံးခုနဲ့ မြန်မာကို အင်္ဂလိပ်သိမ်း

- မတ် (၅) ၁၈၂၄- ဖေဖော်ဝါရီ (၂၄) ၁၈၂၆ ပထမ ကျူးကျော်စစ်၊ အနီရောင်ပြထား တဲ့ ရခိုင်နဲ့ တနင်္သာရီကို သိမ်း
- ဧပြီ (၅) ၁၈၅၂- ဇန်နဝါရီ (၂) ၁၈၅၃ ဒုတိယ ကျူးကျော်စစ်၊ ပန်းရောင်ပြထားတဲ့ အောက်မြန်မာပြည် နယ်မြေတွေ ထပ်သိမ်း
- နိုဝင်ဘာ (၇-၂၉) ၁۸۸၅ တတိယကျူးကျော်စစ်၊ ပန်းနုရောင် ပြထား တဲ့ အထက်မြန်မာနိုင်သံ နယ်မြေအားလုံး သိမ်း

Khin Maung Win 2026

6

Administration of Ministerial Burma Vs Frontier Areas

ဝန်ကြီးများ အုပ်ချုပ်မှု အောက်က မြန်မာပြည်မ နဲ့ တောင်ဒေသ ဆိုင်ရာ ဥပဒေများ

- Upper Burma Act of 1886
- Shan States Act 1888, Federated Shan States 1922
- Kachin Hill-Tribes Regulation 1895
- Chin Hill Regulation 1896
- Karenni State (independent)

Khin Maung Win 2024

7

Ministerial Burma during the colonial era

ကိုလိုနီခေတ် ဝန်ကြီးများ အုပ်ချုပ်မှုအောက် ဗမာပြည်မ

was recognized by the 1875 Treaty between King Mindon and the British

Khin Maung Win 2024

1. အဖြူရောင်- ဝန်ကြီးများ အုပ်ချုပ်မှု အောက်က မြန်မာပြည် (ဗမာပြည်မ)
2. မီးခိုးရောင်- တောင်တန်းဒေသများ
3. အနက်ရောင်- လွတ်လပ်တဲ့ ကရင်နီ

8

မြန်မာနိုင်ငံမှာ ဘာကြောင့် ဖက်ဒရယ်စနစ် ကျင့်သုံးဖို့ ဖြစ်လာရသလဲ -

ဗမာပြည်မနဲ့ တောင်တန်းဒေသများ ပေါင်းစည်းရေးရဲ့ အခြေခံမူဟာ ဖက်ဒရယ်ပါ

Document သုံးခု

Aung San Attlee Agreement,
January 27, 1947

Panglong Agreement,
February 12, 1947

Frontier Areas Committee of Enquiry Report,
April 24, 1947

9

Aung San Attlee Agreement,1947

It is agreed that the objective of both His Majesty's Government and the Burmese Delegates is to achieve the early unification of the Frontier Areas and Ministerial Burma with the free consent of the inhabitants of those areas.

UK အစိုးရနှင့် မြန်မာကိုယ်စားလှယ်များ သဘော တူသည့် ရည်ရွယ်ချက်မှာ တောင်တန်းဒေသများနှင့် ဝန်ကြီးများ အုပ်ချုပ်မှုအောက်က မြန်မာနိုင်ငံကို ထိုဒေသများတွင် နေထိုင်သူများ၏ လွတ်လပ်သော သဘောဆန္ဒဖြင့် အမြန်ဆုံး ပေါင်းစည်းရေး ဖြစ်သည်။

CASE OF THE VANISHING BURMESE MINISTERS

y 1947 six Burmese ministers (*above*) k u seeking independence. Although d ome misgivings about it, inasmuch n d with quarreling leaders who t r on almost nothing, indepen- d pon. Thereupon trouble began e x ministers. First, Thakin Ba Sein resigned in February and then there were five. In May, U Ba Pe followed his example and there were four. Then in July 1947 real trouble started when someone assassinated U Aung San and there were three. The same gunman killed Thakin Mya (and five other cabinet members as well) and then there were only two. In May 1948 U Saw was hanged for murdering U Aung San and Thakin Mya, and then there was one—U Tin Tut. Although several people tried to kill him he survived for four months more, but on Sept. 17 someone planted a bomb in his automobile, and then there were none. However, Burma still had her independence, just as the British still had their misgivings.

10



11

ပင်လုံစာချုပ် ၁၉၄၇

- A Conference having been held at Panglong, attended by certain Members of the Executive Council of the Governor of Burma, all Saohpas and representatives of the Shan States, the Kachin Hills, and the Chin Hills;
- The Members of the Conference, believing that freedom will be more speedily achieved by the Shans, the Kachins and the Chins by their immediate co-operation with the Interim Burmese Government;
- ပင်လုံမြို့တွင် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့၌ ကြားဖြတ်မြန်မာအစိုးရအဖွဲ့မှ အဖွဲ့ဝင်အချို့နှင့် ရှမ်းစော်ဘွားများ၊ ကချင်ကိုယ်စားလှယ်များ၊ ချင်းကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသော အစည်းအဝေးကြီးတစ်ခုတွင် -
- တောင်တန်းဒေသသားများနှင့် မြန်မာပြည်မရှိ တို့၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် လွတ်လပ်ရေးရဖို့ ပိုမိုမြန်ဆန်လာလိမ့်မည်ဟု အစည်း အဝေးသို့ တက်ရောက်သူများက ယုံကြည်ကြသည့်အလျောက် အောက်ပါအတိုင်း သဘောတူညီကြသည်။

12

ဗမာကိုယ်စားလှယ်:
အောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)

ရှမ်းကိုယ်စားလှယ်များ:
ခွန်ပန်းစိန် (တောင်ပိုင်စော်ဘွားကြီး)
စဝ်ခွန်ကြည် (စံကားစော်ဘွားကြီး)
စဝ်ခွန်ဦး (မြေလတ်စော်ဘွားကြီး)
စဝ်နန်းဟိန် (လဲချားစော်ဘွားကြီး)
စဝ်ဟုံဖ (သာမိုင်းခမ်းစော်ဘွားကြီး)
စဝ်ထွန်းအေး (သာယာကုန်းစော်ဘွားကြီး)
ဦးဖြူ (သီပေါကိုယ်စားလှယ်)
ဦးခွန်ထီး (ပန်တရာကိုယ်စားလှယ်)
ဦးထွန်းမြင့် (တောင်ကြီး)
ဦးကြာပု (နမ့်စန်)
ဦးခွန်စော (ပင်တယ)

ကချင်ကိုယ်စားလှယ်များ:
ဆမားဘုးဝါးဆင်ဝါးနောင် (မြစ်ကြီးနား)
ဇော်ရစ် (မြစ်ကြီးနား)
ဒိန်ရတန် (ဗန်းမော်)
လဘန်ဂရောင် (ဗန်းမော်)

ချင်းကိုယ်စားလှယ်များ:
ဦးလွမ္မန် (ဖလမ်း)
ဦးသောင်ဇာခပ် (တီးတိန်)
ဦးကီယိုမန်း (ဟားခါး)



THE PANGLONG AGREEMENT

THE PANGLONG AGREEMENT, 1947.

Dated Panglong, the 12th February 1947.

A Conference having been held at Panglong, attended by certain Members of the Executive Council of the Governor of Burma, all Sawbwas and representatives of the Shan States, the Kachin Hills and the Chin Hills;

The Members of the Conference, believing that freedom will be more speedily achieved by the Shans, the Kachins and the Chins by their immediate co-operation with the Interim Burmese Government;

The Members of the Conference have accordingly, and without dissentients, agreed as follows:-

1. A Representative of the Hill Peoples, selected by the Governor on the recommendation of representatives of the Supreme Council of the United Hill Peoples (SCUHP), shall be appointed a Counsellor to the Governor to deal with the Frontier Areas.

2. The said Counsellor shall also be appointed a Member of the Governor's Executive Council, without portfolio, and the subject of Frontier Areas brought within the purview of the Executive Council by Constitutional Convention as in the case of Defence and External Affairs. The Counsellor for Frontier Areas shall be given executive authority by similar means.

3. The said Counsellor shall be assisted by two Deputy Counsellors representing races of which he is not a member. While the two Deputy Counsellors should deal in the first instance with the affairs of their respective areas and the Counsellor with all the remaining parts of the Frontier Areas, they should by Constitutional Convention act on the principle of joint responsibility.

4. While the Counsellor, in his capacity of Member of the Executive Council, will be the only representative of the Frontier Areas on the Council, the Deputy Counsellors shall be entitled to attend meetings of the Council when subjects pertaining to the Frontier Areas are discussed.

5. Though the Governor's Executive Council will be augmented as agreed above, it will not operate in respect of the Frontier Areas in any manner which would deprive any portion of these Areas of the autonomy which it now enjoys in internal administration. Full autonomy in internal administration for the Frontier Areas is accepted in principle.

6. Though the question of demarcating and establishing a separate Kachin State within a Unified Burma is one which must be relegated to the Constituent Assembly, it is agreed that such a State is desirable. As a first step towards this end, the Counsellor for Frontier Areas and the Deputy Counsellors should be consulted in the administration of such areas in the Myitkyina and the Bhamo Districts as are Part II Scheduled Areas under the Government of Burma Act of 1935.

7. Citizens of the Frontier Areas shall enjoy rights and privileges which are regarded as fundamental in democratic countries.

8. The arrangements accepted in this Agreement are without prejudice to the financial autonomy now vested in the Federated Shan States.

9. The arrangements accepted in this Agreement are without prejudice to the financial assistance which the Kachin Hills and the Chin Hills are entitled to receive from the revenues of Burma, and the Executive Council in which the Frontier Areas Counsellor and Deputy Counsellors the feasibility of adopting for the Kachin Hills and the Chin Hills financial arrangements similar to those between Burma and the Federated Shan States.

Shan Committee. | Kachin Committee. | Burmese Government.

Sawbwaing of Tawngpeng State.
Sawbwaing of Yawnghe State.
Sawbwaing of North Hsenwi State.
Sawbwaing of Lashio State.
Sawbwaing of Wang Pawn State.
Sawbwaing of Kengtung State.
Representative of Kengtung Sawbwaing.
(Khun Pung)
(U Tin E) (U Khun Kyaw)
(U Kyaw Zin) (Chaw Sam).
(Saw Tapa Htu) (Khun Htee)

(Lhpu Kaw, Myitkyina)
(Lea Ring, Myitkyina)
(Lidaw Tang, Myitkyina)
(Zing La, Bhamo.)
(Tau Chan, Bhamo)
(Labang Grong, Bhamo)

Chin Committee.
(U Khar Hmung, Ch, TDO., Falam.)
(U Thawng Za Thang, Ch, Tiddim.)
(U Kio Vung, Ch, Haka)



ပင်လုံစာချုပ်ပါ အချက် (၉) ချက်

တောင်တန်းဒေသများနှင့် ပြည်မ ပူးပေါင်းရန် သဘောတူညီခဲ့သော အဓိကအချက်များ

၁
ကိုယ်စားလှယ် ခန့်အပ်ရေး
တောင်တန်းသားများ၏ ကိုယ်စားလှယ်တစ်ဦးကို ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် ခန့်အပ်ရန်။

၂
ကောင်စီဝင် ရာထူး
ထိုကိုယ်စားလှယ်သည် ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် ဌာနလက်ကိုင်မရှိ ဝန်ကြီးအဖြစ် ဆောင်ရွက်ရန်။

၃
ဒုတိယ ကိုယ်စားလှယ်များ
အဆိုပါ ကိုယ်စားလှယ်ကို ကူညီရန် ဒုတိယ ဝန်ကြီး (၂) ဦးကိုလည်း ခန့်အပ်ရန်။

၄
ကိုယ်ပိုင် အုပ်ချုပ်ခွင့်
တောင်တန်းဒေသများ၏ ပြည်တွင်းအုပ်ချုပ်ရေးတွင် လွတ်လပ်ခွင့် အပြည့်အဝ ရှိစေရမည်။

၅
ဒီမိုကရေစီ အခွင့်အရေး
ဒီမိုကရေစီ နိုင်ငံများတွင် ရရှိသော အခွင့်အရေးများကို တောင်တန်းဒေသ လူထုကလည်း ရရှိစေရမည်။
အရေးကြီး

၆
ကချင်ပြည်နယ်
သီးခြား ကချင်ပြည်နယ် တည်ထောင်ရန် မူအားဖြင့် သဘောတူသည်။

၇
ဘဏ္ဍာရေး ဆက်ဆံမှု
ပြည်မနှင့် တောင်တန်းဒေသ ဘဏ္ဍာရေး ဆက်ဆံမှုသည် ရှမ်းပြည်နယ်နှင့် ပြည်မ ဆက်ဆံမှုအတိုင်း ဖြစ်စေရမည်။

၈
ဘဏ္ဍာငွေ ထောက်ပံ့ရေး
တောင်တန်းဒေသများအတွက် ဘဏ္ဍာငွေ လိုငွေများကို ပြည်မ အခွန်တော်ငွေများမှ ထောက်ပံ့ကူညီရန်။

၉
အခွင့်အရေး ကာကွယ်ခြင်း
စာချုပ်ပါ အချက်များသည် တောင်တန်းဒေသများ၏ လက်ရှိ ရရှိထားသော အခွင့်အရေးများကို မထိခိုက်စေရ။

15



Frontier Areas Committee of Enquiry



FRONTIER AREAS COMMITTEE OF ENQUIRY

1947

REPORT

PRESENTED TO HIS MAJESTY'S GOVERNMENT IN THE UNITED KINGDOM AND THE GOVERNMENT OF BURMA

(*Maymyo, 24th April 1947*)

PART II: APPENDICES

RANGOON
SUPDT., GOVT. PRINTING AND STATIONERY, BURMA
1947

16

FACE report အဓိက အချက်များ

- ပြည်မနှင့် တောင်တန်းဒေသများမှ တန်းတူညီတူ အဖွဲ့ဝင်များဖြင့် FACE ကို ဖွဲ့စည်းသည်။ ဥက္ကဋ္ဌမှာ ကြားနေဖြစ်သည်။ ဦးနုလည်း အဖွဲ့ဝင်ဖြစ်သည်။
- ပဒေသရာဇ်ရှမ်းပြည်နယ်နှင့် ကချင်တောင်တန်းဒေသက မြန်မာနိုင်ငံကို ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ဖေါ်ဆောင်ရန် အာသီသပြင်းထန်သည်။
- ပဒေသရာဇ်ရှမ်းပြည်နယ်များသည် ပြည်နယ်တစ်ခု သို့မဟုတ် ယူနစ်တစ်ခုအဖြစ် ဖွဲ့စည်းမည်ဖြစ်ပြီး ကချင်တောင်တန်းဒေလလည်း အလားတူ ဖွဲ့စည်းမည်ဖြစ်သည်။
- ဖက်ဒရေးရှင်းအတွင်း ပြည်နယ်များအတွက် ဖြစ်နိုင်သမျှ အပြည့်အဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို လိုလားကြသော်လည်း တစ်နိုင်ငံလုံးဆိုင်ရာ ကိစ္စရပ်များကို ပြည်ထောင်စုကို အပ်နှင်းရန် သဘောတူကြသည်။
- ချင်းတောင်တန်းများသည် မြန်မာနိုင်ငံနှင့် ဖက်ဒရယ်ပေါင်းစည်းရန် ဆန္ဒမရှိ၊ ၎င်းတို့၏နယ်မြေကို ဗမာပြည်မနှင့် ပေါင်းစည်း လိုကြသည်။ အချို့က ချင်းတောင်တန်းများကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း သီးခြားပြည်နယ်တစ်ခု ဖွဲ့စည်းလိုသည်။
- ကရင်နီပြည်သည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်မှုနှင့် ပတ်သက်၍ မည်သည့်သေဘာထားမျှ မပေးခဲ့ပေ။ အချို့က အခြား တောင်တန်းဒေသများနှင့် ပေါင်းစည်းလိုသည်။ ပေါင်းစည်းမည့် ပုံစံအတိအကျကို တိုင်းပြုပြည်ပြုလွှတ်တော်တွင် ဆွေးနွေးမည်။
- သံလွင်ခရိုင်ထဲမှ တစ်ချို့က ဖက်ဒရယ်ပြည်ထောင်စုအတွင်း ပြည်နယ်ဖွဲ့စည်းရေးကို လိုလားသည်။ အခြားသူများက သံလွင်ခရိုင်ကို ဗမာပြည်၏ အစိတ်အပိုင်းအဖြစ် ပေါင်းစည်းလိုကြသည်။
- အနှစ်ချုပ်အားဖြင့် လွတ်လပ်ရေးခေတ် နိုင်ငံ ဖွဲ့စည်းပုံမှာ ဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြစ်သည်။ ရှမ်းပြည်နဲ့ ကချင်တောင်တန်းများက ပြည်နယ်နှစ်ခု အဖြစ် ပါဝင်ပြီး၊ ကရင်နီပြည်နယ်က အခြားပြည်နယ်တစ်ခု ဖြစ်နိုင်ချေရှိသည်။
- ချင်းတောင်တန်းများနှင့် သံလွင်ခရိုင်၏ ဖြစ်နိုင်ခြေရှိသော ပေါင်းစည်းမှုတို့ကြောင့် မြန်မာပြည်မ ကျယ်လာနိုင်ချေရှိသည်။

17

FACE report မှာ ဖေါ်ပြတဲ့ ခွဲထွက်ခွင့်

- The majority of the witnesses who favoured a federation of Burma asked for the right of secession by the states at any time. Few federal constitutions contain provisions for the secession of states. It seems to us that, if any such right is to be contained in the federal constitution for Burma, it will have to be carefully limited and regulated.
- အများစုသည် ပြည်နယ်များ အချိန်မရွေး ခွဲထွက်ခွင့်ကို လိုလားကြသည်။ ပြည်နယ်များ ခွဲထွက်ခြင်းဆိုင်ရာကို ဖက်ဒရယ် အခြေခံဥပဒေ အနည်းငယ်တွင်သာ ပြဋ္ဌာန်း ပါရှိသည်။ မြန်မာနိုင်ငံမှာ ယင်းအခွင့်အရေးကို အခြေခံဥပဒေတွင် ထည့်သွင်းရမည်ဆိုပါက၊ ဂရုတစိုက်နဲ့ ကန့်သတ်ထိန်းချုပ်ထားရန်လိုမည်။

18

2026 © Institute for Peace and Social Justice